**NATIONAL LEAGUE FOR DEMOCRACY**

**(Liberated Area – UK)**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ – ယူကေ)

Froyle House, 45 Silkfield Road, London NW9 6QU

Ph +447785568154, +442089302336 naingwalay@yahoo.com


# စစ်အာဏာသိမ်း (၁၉)နှစ်မြောက် ထုတ်ပြန်ကြေငြာချက်

မြန်မာနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီး စစ်အာဏာရှင်စနစ် ဖြင့် အုပ်ချုပ်နေသည်မှာ ယခုဆိုလျှင် ၁၉နှစ်တိုင် ရှိခဲ့ပြီဖြစ်သည်။

စစ်အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်နေသမျှ ကာလပတ်လုံး မြန်မာနိုင်ငံသည် ဒုက္ခအပေါင်းမှ မည်သည့်အခါမျှ လွတ်မြောက်လိမ့်မည်မဟုတ်ပါ။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလာဒ်ကို အကောင်အထည်ဖော်ရန် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် က အစဉ်တစိုက် တောင်းဆိုနေခဲ့သော်လည်း (န ဝ တ/န အ ဖ) သည် တိုင်းပြည်သို့ အကြိမ်ကြိမ် ပေးခဲ့သည့် ကတိကဝတ်များကို လည်းကောင်း၊ ရွေးကောက်ပွဲ ဥပဒေများကို လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၁၉၉၄ခုနှစ်မှ စတင်၍ အစဉ်တစိုက် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကိုလည်းကောင်း မျက်ကွယ်ပြုကာ၊ နအဖ စစ်ခေါင်းဆောင်များ အနေဖြင့် တပ်မတော်ကို ခုတုံးလုပ်ပြီး စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရန်သာ နည်းမျိုးစုံဖြင့် ကြိုးစားနေပေသည်။

နအဖ စစ်ခေါင်းဆောင်များအနေဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး အလား အလာများကို မျက်ကွယ်ပြုပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တောင်းဆိုသူများကို နည်းမျိုးစုံဖြင့် ဖိနှိပ်နေခြင်း၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများ လူပုဂ္ဂိုလ်အသီးသီးတို့၏ မြန်မာ့အရေးနှင့် သက်ဆိုင်သော တောင်းဆိုချက်များ၊ အကြံပြုတိုက်တွန်းချက်များကို လစ်လျူရှုနေခြင်းသည် နအဖ၏ မြန်မာလူထုနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အပေါ် ထားရှိသော သဘောထားကို ထင်ဟပ်ပြနေခြင်းပင်ဖြစ်သည်။

ယနေ့ ပြည်သူလူထုတရပ်လုံး ရင်ဆိုင်နေရသော အထွေထွေ အကြပ်အတည်း ပြဿနာများအား ရိုးသားစွာ ရှုမြင်၍ သိက္ခာရှိရှိ ဖြေရှင်းပေးရမည့်အစား ရဟန်းရှင်၊ လူ၊ ကျောင်းသား ပြည်သူတရပ်လုံးကို ရန်သူအဖြစ်သတ်မှတ်ပြီး စိန်ခေါ်ခြိမ်းခြောက် အကျပ်ကိုင် စော်ကားနေခြင်းများအား အမြန်ဆုံး ရပ်တန့်ပေးရန် ကျွန်ုပ်တို့ တောင်းဆိုသည်။

နအဖ ၏ ညောင်နှစ်ပင် ညီလာခံမှ ထွက်ပေါ် လာမည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည်လည်း စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရန်သာ အထောက်အကူ ဖြစ်သဖြင့် ကျနုပ်တို့ လုံးဝ ကန့်ကွက်သည်။

နအဖ၏ တင်းမာသော သဘောထားများနှင့် ဖိနှိပ်မှုများကြောင့် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် နည်းမျိုးစုံဖြင့် ဆက်လက် တိုက်ပွဲဝင်သွားရန်မှ တပါး အခြား ရွေးချယ်စရာ မရှိတော့ပေ။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ – ယူကေ) အနေဖြင့် မြန်မာပြည် ဒီမိုကရေစီရရှိရေး၊ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် သံဃာထု၊ ကျောင်းသားထု၊ နိုင်ငံရေးအင်အားစု၊ တိုင်းရင်းသားထုအပါအဝင် မြန်မာလူထုတရပ်လုံးနှင့် ပူးပေါင်း တိုက်ပွဲ ဝင်သွားမည် ဖြစ်ကြောင်း ကြေငြာအပ်ပါသည်။

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ – ယူကေ)**